# မြန်မာနိုင်ငံဗြိတိသျှကုန်သည်ကြီးများအသင်း

# ငွေကြေးကူညီပံ့ပိုးမှုနှင့်အသင်းဝင်ဖြစ်မှုနှုန်းသတ်မှတ်ချက်ကဒ်

## အသင်းဝင်ဖြစ်မှု

## ပူးတွဲပါဝင်စီမံခွင့်ရှိသောအသင်းဝင် - ၇၅၀ အမေရိကန်ဒေါ်လာ

ပူးတွဲပါဝင်စီမံခွင့်ရှိသော အသင်းဝင်ဖြစ်မှုသည် သင့်အဖွဲ့အစည်း၏ ကုန်ပစ္စည်းအမှတ်တံဆိပ်အား လူထု၏စိတ်ဝင်စားမှု ရရှိလာအောင်ပြုလုပ်ခြင်းနှင့် အရောင်းမြင့်တင်ခြင်းအပါအဝင် သင့်အဖွဲ့အစည်းအား သတင်းအချက်အလက် ပြည့်စုံလုံလောက်အောင်ပေးနိုင်သော အစီအစဉ်များနှင့် ထိတွေ့ဆက်ဆံမှုများ ပုံမှန်စီစဉ် ပြုလုပ်ပေးခြင်း မှတစ်ဆင့် ကျယ်ပြန့်လှသော စီးပွားရေးကဏ္ဍအသီးသီး၏ လုပ်ငန်းကွန်ရက်တွင် ဝင်ရောက်ချိတ်ဆက်နိုင်မည်ဖြစ်သည်။

- အသင်းဝင်ဖြစ်မှုနှုန်း သတ်မှတ်ချက်အရ အစီအစဉ်တစ်ခုစီတွင် နေရာ (၃)နေရာအထိ ရရှိမည်ဖြစ်သည်။
- အသင်း၏ လစဉ်လုပ်ငန်းကွန်ရက် ချဲ့ထွင်ပေးသော အစီအစဉ်များတွင် တက်ရောက်ပါဝင်တက်ရောက်နိုင်မည်ဖြစ်သည်။
- မနက်စာသုံးဆောင်ရင်း သတင်းအချက်အလက်များ ကြိုတင်ပြင်ဆင်ဆွေးနွေးမှု အပါအဝင် သတင်းအချက်အလက် ပြည့်စုံလုံလောက်အောင် ပေးနိုင်သော အစီအစဉ်များတွင် တက်ရောက်ပါဝင်နိုင်မည်ဖြစ်သည်။
- စီးပွားရေး ကဏ္ဍအသီးသီးရှိ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များ၊ ဆုံးဖြတ်ချက်ချမှတ်နိုင်သူများနှင့် အလုပ်အမှုဆောင်အဖွဲ့များ၏ လုပ်ငန်းကွန်ရက်ကို ဝင်ရောက်ချိတ်ဆက်နိုင်မည်ဖြစ်သည်။
- သုံးလတစ်ကြိမ်ကျင်းပသော အသင်းဝင်များသာ တက်ရောက်ခွင့်ရှိသည့် ဗြိတိသျှသံရုံး၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အရေးကြီးသော သတင်းအချက်အလက်များ ဆွေးနွေးပွဲကို ပါဝင်တက်ရောက်နိုင်မည်ဖြစ်သည်။

- အရှေ့တောင်အာရှရှိ ဗြိတိန်သတင်းကွန်ရက် (BISEA) မှတစ်ဆင့် အာဆီယံဈေးကွက်ရှိ ဗြိတိသျှအသင်းကို ဝင်ရောက်ချိတ်ဆက်နိုင်မည်ဖြစ်သည်။
- အသင်းဝင်လမ်းညွှန်စာအုပ်တွင် ပါဝင်ခွင့်နှင့် ကြော်ငြာထည့်သွင်းနိုင်မည့် အခွင့်အရေး (သီးခြားနှုန်းထားဖြင့်ထပ်မံပေးဆောင်ရန်)
- သတင်းများနှင့် လတ်တလောသတင်းအချက်အလက်အသစ်များကို အသင်းသည် အင်တာနက်မှတစ်ဆင့် ဆက်သွယ်ချိတ်ဆက် ပေးပို့ပေးမှုများ (e-communications) ပုံမှန်ပြုလုပ်ပေးနေမည်ဖြစ်သည်။
- အင်္ဂလန်တွင် မှတ်ပုံတင် စာရင်းသွင်းထားသော ကုမ္ပဏီများအတွက်မူ ဗြိတိသျှသံရုံး၏ အင်္ဂလန်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြုပ်နှံမှု သို့တိုက်ရိုက် ချိတ်ဆက်လုပ်ဆောင် နိုင်မည်ဖြစ်သည်။

## နိုင်ငံခြားမှအသင်းဝင်ခြင်း - ၄၀၀ အမေရိကန်ဒေါ်လာ

မြန်မာနိုင်ငံ၏ ဈေးကွက်နှင့် စီးပွားရေးနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရယူလိုပြီး မြန်မာနိုင်ငံတွင် အနာဂတ်၌ အခြေစိုက်၍လုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသော မြန်မာနိုင်ငံပြင်ပတွင် အခြေစိုက်သော ကုမ္ပဏီများ အတွက်ရည်ရွယ်ခြင်းဖြစ်သည်။ ပင်လယ်ရပ်ခြား အသင်းဝင်ဖြစ်မှုသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင် စာရင်းသွင်းထားသောရုံးခန်း မရှိသည့်အဖွဲ့အစည်းများ အတွက်သာဖြစ်သည်။

- အသင်းဝင်ဖြစ်မှုနှုန်း သတ်မှတ်ချက်အရ အစီအစဉ်တစ်ခုစီတွင် နေရာ (၂)နေရာအထိ ရရှိမည်ဖြစ်သည်။
- သုံးလတစ်ကြိမ်ကျင်းပသော အသင်းဝင်များသာ တက်ရောက်ခွင့်ရှိသည့် ဗြိတိသျှသံရုံး၏ နိုင်ငံရေးနှင့် စီပွားရေးဆိုင်ရာ အရေးကြီးသော သတင်းအချက်အလက်များ ဆွေးနွေးပွဲကို ပါဝင်တက်ရောက်နိုင်မည်ဖြစ်သည်။
- အသင်းဝင်လမ်းညွှန်စာအုပ်တွင် ပါဝင်ခွင့်နှင့် ကြော်ငြာထည့်သွင်းနိုင်မည့် အခွင့်အရေး (သီးခြားနှုန်းထားဖြင့်ထပ်မံပေးဆောင်ရန်)
- သတင်းများနှင့် လတ်တလောသတင်းအချက်အလက်အသစ်များကို အသင်းသည် အင်တာနက်မှတစ်ဆင့် ဆက်သွယ်ချိတ်ဆက် ပေးပို့ပေးမှုများ (e-communications) ပုံမှန်ပြုလုပ်ပေးနေမည်ဖြစ်သည်။

## ငွေကြေးကူညီပံ့ပိုးမှု

- နှစ်စဉ်ငွေကြေးကူညီပံ့ပိုးမှု ကမ်းလှမ်းချက်များကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လတွင်ထပ်မံ ရရှိနိုင်မည်ဖြစ်သည်။
- ကုမ္ပဏီများ သီးခြားအစီအစဉ်များကိုလည်း ရွေးချယ်၍ ငွေကြေးကူညီပံ့ပိုးမှု ပြုလုပ်နိုင်ပါသည်။ အလုပ်အမှုဆောင်ဒါရိုက်တာနှင့် ဆွေးနွေးရန်အတွက် stephanie@britishchambermyanmar.com သို့ဆက်သွယ်ပါ။

## အသင်းဝင်ဖြစ်ရန်အတွက် စံနှုန်းသတ်မှတ်ချက်များ

- လက်ရှိကုန်သွယ်မှု အချိတ်အဆက်ရှိသော ဗြိတိသျှပိုင် ကုမ္ပဏီများနှင့် ဗြိတိသျှပိုင်မဟုတ်သောကုမ္ပဏီများ (သို့) ကုန်သွယ်ရေးချိတ်ဆက်မှုများကို မြန်မာ (သို့) ဗြိတိသျှတွင် ပြုလုပ်ရန်စိတ်ဝင်စားသော ကုမ္ပဏီများသည် အသင်းဝင်ဖြစ်ခွင့်ရှိသည်။
- အသင်း၏ ဘုတ်အဖွဲ့သည် အသင်းဝင်လျှောက်လွှာ တစ်စောင်ချင်းစီကို အကဲဖြတ်စစ်ဆေးပြီး အသင်း၏ ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်ပင် အတည်ပြုဆုံးဖြတ်မည်ဖြစ်သည်။
- အသင်းဝင်များသည် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် တာဝန်သိတတ်ပြီး လူ့ကျင့်ဝတ်နှင့်အညီလုပ်ဆောင်ရမည်ဖြစ်သည်။
- ထိုစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိသော ကုမ္ပဏီများကို ဘုတ်အဖွဲ့သည် အသင်းဝင်အဖြစ်မှ ရုတ်သိမ်းပိုင်ခွင့်ရှိသည်။

## နောက်ဆက်တွဲ သတင်းအချက်အလက်များ

- အသင်းဝင်ကြေးများကို နှစ်စဉ် ဩဂုတ်လတွင်ပေးသွင်းရမည်။
- ဩဂုတ်လနောက်ပိုင်းမှ အသင်းဝင်ဖြစ်လျှင် အသင်းဝင်ဖြစ်သည့် အချိန်ကာလ အပိုင်းအခြားပေါ်မူတည်၍ပေးသွင်းရမည်။
- အသင်းဝင်မဟုတ်သူများနှင့် အသင်းဝင်များအကြားတွင် အစီအစဉ်များအတွက် ဝန်ဆောင်ခများသည် ကွဲပြားပါသည်။

- သီခြားတစ်ဦးတစ်ယောက်တည်း အသင်းဝင်ပုံစံမျိုးမရှိပါ။
- တည်ထောင်ကာစနှင့် စွန့်ဦးတီထွင်မှုများလုပ်ကိုင်သော (ကုမ္ပဏီသက်တမ်း ၂နှစ်အောက်ရှိသော မြန်မာနိုင်ငံအခြေစိုက်ကုမ္ပဏီများဖြစ်၍ နှစ်စဉ်ဝင်ငွေအနည်းဆုံး ဒေါ်လာသုံးသန်းထက် မနည်းရှိရပါမည်။) အသင်းဝင်ဖြစ်ရေးနှင့် ပတ်သက်၍ ဈေးနှုန်းလျှော့ချမှုကို အသေးစိတ်သိလိုလျှင် အသင်းသို့ဆက်သွယ်ပါ။

<u>ဆက်သွယ်ရန်</u>

အသင်းဝင်ခွင့်လျှောက်လွှာ(သို့) အခြားသတင်းအချက်အလက်များ အတွက်ဆွေးနွေးရန် info@britishchambermyanmar.com သို့ဆက်သွယ်ပါ။